မြန်မာစစ်အစိုးရပိုင် သတင်းစာဖြစ်သော မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ(၈) နှင့် (၉) တွင် စက်တင်ဘာလ (၁၂)ရက်နေ့ မှ (၁၉)ရက်နေ့ ၂၀၀၉ခုနှစ်ထိ နေ့ စဉ်ဆက်တိုက် ကချင် နှင့် အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်း တို့ အား ခြိမ်းခြောက် ဂေးသား ဖေါ်ပြ နေခြင်း များနှင့်ပါတ်သက်၍ ပြည်ပရောက် ကချင်အမျိုးသား အစည်းအရုံး မှ အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည်။

၁၊ စစ်အစိုးရ အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲအား မဖြစ်မနေ ဆောင်ရွက်လိုပါက၊ ဦးစွာ -

(က) ၁၉၆၂ခုနှစ် မှ ယနေ့ ထိ တိုင်းရင်းသား ပြည်သူလူထုတရပ်လုံးအား အင်္ဂလိပ်ကိုလိုနီ အစိုးရ ခေတ်၊ ဖက်စစ်ဂျပန်အစိုးရခေတ် ထက် ပို၍ ရက်စက်ကြမ်းကြုတ်စွာ ဗိုလ်ကျစိုးမိုး နေမှုတို့ အပေါ် တောင်းပန်ရမည်၊

(ခ) ၁၉၆၁ခုနှစ် မှ ယနေ့ ထိ ဗမာစစ်အစိုးရသတ်ဖြတ်ခဲ့သော အပြစ်မဲ့ကချင်တိုင်းရင်းသား အယောက် (၈၅၀၀)ဦး နှင့် ပါတ်သက်၍ ကချင်တိုင်းရင်းသားများအားတောင်းပန်၍ညီမျှ သောနှစ်နာကြေး (ဂျော်ကြေး) များကို ကျန်ရစ်သောမိသားစုဝင်များသို့ ပေးဆောင်ရမည်၊

(ဂ) ၁၉၆၂ မှ ယနေ့ ထိ ဗမာစစ်အစိုးရမီးရှို့ ဖျက်ဆီးခဲ့သော ကချင်ကျေးရွာပေါင်း (၁၈၀၀) နှင့် ပါတ်သက်၍ စစ်အစိုးရအနေဖြင့် ကချင်ပြည်သူလူထုများအား တောင်းပန်ရမည်၊ ညီမျှ သော နှစ်နာကြေး များကိုလည်းပေးဆောင်ရမည်၊

(ဃ) ၁၉၆၂ခုနှစ် မှ ယနေ့ ထိ ဗမာစစ်အစိုးရတပ်မှ မတရားပြုကျင့်(မဒိန်းကျင့်) ခံရသော ကချင် တိုင်းရင်းသူ အယောက်(၁၂၀၀)ဦး နှင့်ပါတ်သက်၍ ကချင်ပြည်သူလူထုအား တောင်းပန်ရမည်၊ နှစ်နာကြေးများကိုလည်းပေးဆောင်ရမည်၊

(င) ၁၉၆၂ခုနှစ် မှ ယနေ့ ထိ ဗမာစစ်အစိုးရအနေဖြင့် ကချင်ပြည်နယ်သို့ အောက်ပြည်မှ ဗမာလူမျိုး အိမ်ထောင်စုအလုံးအရင်းကို မကြာခဏ စနစ်တကျပို့ ဆောင်နေမှု အားလုံး ချက်ခြင်းရပ်တန်း က ရပ်ရမည်၊

(စ) ၁၉၆၂ခုနှစ် မှ ယနေ့ ထိ ကချင်တို့ ၏ ရိုးရာဓလေ့ထုံးတန်းစဉ်လာများကို အသိအမှတ်မပြု ခြင်း၊ ယိုင်းပြစွာပြုမူဆက်ဆံ ခံရခြင်း၊ အနိုင်ကျင့်ခံရခြင်းများအားချက်ခြင်း ရပ်တန့် ပေးရမည်၊ (ဥပမာ- ကချင်တို့ ၏အထွတ်အမျက်ထားသော မနောကွင်း၌ ဗမာရိုးရာသင်္ကြန်ပွဲ ကို အတင်း အကျပ် ကျင်းပစေခြင်း၊ အမှန်စင်စစ် ကချင်မနောပွဲကို ရွှေတံဂုံဘုရားပေါ် ကျင်းပရန် တင့်တော်မည် မဟုတ်ပါ။)

(ဆ) ၁၉၆၂ခုနှစ် မှ ယနေ့ ထိ ဗမာစစ်အစိုးရ အနေဖြင့် ကချင်ပြည်နယ်အစိုးရအတွင်း ကချင် တိုင်းရင်းသားများ၏ ပါဝင်ထမ်းဆောင်မှုများအား စနစ်တကျ ကန့် သတ်ခြင်း၊ ချုပ်ခြယ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်ပင်ခြင်း များကို ချက်ခြင်းရုပ်သိမ်းပေးရမည်၊

(ဇ) ဗမာစစ်အစိုးရအနေဖြင့် ကချင်နှင့် အခြားတိုင်းရင်းသား များ၏ စာပေ၊ ဘာသာစကား တို့ အား အသိအမှတ်ပြုသည်သာမက လွတ်လပ်စွာ ရေးသားပြောဆိုခွင့် နှင့် စာသင်ကျောင်းများ ဖွင့်လှစ်ကာ သင်ကြားခွင့်ပြု ရမည်၊

၂။ ဗမာစစ်အစိုးရ အနေဖြင့် ကချင်တော်လှန်ရေးတပ်မတော် အား (BGF) Border Guard Force အဖြစ်ပြောင်းစေလိုလျှင်-

(က) ၁၉၆၂ခုနှစ်မှ ယနေ့ ထိ ကချင်ပြည်နယ် အတွင်းတိုးချဲ့ တပ်စွဲနေသော တပ်အားလုံး ရုပ်သိမ်းပေးရမည်၊(၁၉၆၂ တပ်အင်အားအတိုင်းရှိရမည်)

(ခ) ဗမာစစ်အစိုးရကြီးမှုးကျင်းပသောညီလာခံ ကာလအတွင်း တိုင်းရင်သားများ၏ အခြေခံ ရပိုင်ခွင့်များကို အကြိမ်ကြိမ်အခါခါ နည်းလမ်းပေါင်း မျိုးစုံဖြင့် ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ၌ထဲ့သွင်းစဉ်းစားပေးရန် တင်ပြထားမှု အားလုံးကို လျှစ်လျူရှုခြင်း၊ ဥပက္ခာပြုခြင်း များကို ရပ်တန်းရပ်၍ ပြန်လည်အရေးယူ ဆောင်ရွက်ပေးရမည်၊

(ဂ) ဗမာစစ်အစိုးရ နှင့် ကချင်လွတ်လပ်ရေးတပ်မတော် အကြားအပြစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေး ရယူမှုသည် အနာဂတ်နိုင်ငံရေး တိုးတက် ဖေါ်ဆောင်ရန်သာ ဖြစ်သည်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းများမှ အကာရှိ၊ ခေါင်းဆောင်အချို့ များအား တသီးပုဂ္ဂလ စီးပွါးရေးအခွင့်ထူးပေး ခြင်းဖြင့် တိုင်းရင်းသား များ၏နိုင်ငံရေးပြဿနာများ ကိုဖြေရှင်းပေးသည်ဟူသော စစ်အစိုးရ၏ စိတ်နေသဘောထားများအား ပြုပြင်၍ အလေး အနက် ပြန်လည်သုံးသပ်ပေးရမည်၊

(ဃ) ဗမာစစ်အစိုးရအနေဖြင့်အပြစ်အခတ်ရပ်စဲရေးကာလ အတွင်း စစ်ရေးလှုပ်ရှားမှု၊ တိုးချဲ့ မှုအားလုံးကို ချက်ခြင်းရပ်ဆိုင်းပေးရမည်၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ပြည်ပရောက် ကချင်အမျိုးသား အစည်းအရုံး (OKA)

September 19, 2009